# CITY OF BATTLE CREEK

## *DEPARTMENT OF PUBLIC WORKS – WATER DIVISION*

**စက်တင်ဘာ ၂ ရက်၊ ၂၀၂၀**

**ချစ်လှစွာသော Battle Creek ရေိယာရေသုံးစွဲသူ**

**RE - သင်သောက်သုံးနေသောရေရဲ့အရေးကြီးတဲ့အချက်အလက်များ**

City of Battle Creek ၏ရေစနစ်သည်မကြာသေးမီကသောက်သုံးရေသန့်စင်ခြင်းနည်းလမ်းကိုချိုးဖောက်ခဲ့သည်။ ဤဖြစ်ရပ်သည် **ကပ်ဆိုက်မှုတခုမဟုတ်ပါ**။ လောလောဆယ်သင်ဘာမှလုပ်ဆောင်ရန်မလိုအပ်ပါ။ ဤချိုးဖောက်မှုကိုဖြစ်စေခဲ့သောဖြစ်ရပ်များဖော်ထုတ်ခဲ့ပြီး ပြုပြင်ခဲ့ပြီးဖြစ်သည်။ မြို့တော်သည်ကျွန်ုပ်တို့ချိုးဖောက်မှုအကြောင်းကြားစာကိုလက်ခံရရှိသည့်နေ့မှစ၍ နေ့စဉ်လိုအပ်ချက်များကိုပြုပြင်ဖြည့်ဆည်းပေးလျက်ရှိသည်။ ဤအခြေအနေသည်သင်ချက်ချင်းအရေးယူရန်**မလိုအပ်**သော်လည်း ကျွန်ုပ်တို့၏ရေသန့်စင်ရေးစက်ရုံမှ ထောက်ပံ့ပေးသော Battle Creek၊ Springfield၊ Emmett မြို့နယ်နှင့် Pennfield မြို့နယ်တစိတ်တပိုင်းရှိ City of Battle Creek ရေစနစ်များ၏ ရေသုံးစွဲသူအနေဖြင့် ဘာတွေဖြစ်ပျက်ခဲ့တယ်၊ သင်ဘာလုပ်သင့်သလဲ၊ ဤအခြေအနေကိုပြုပြင်ဖို့ကျွန်ုပ်တို့ဘာလုပ်ခဲ့သလဲဆိုတာသိရန် သင်၌အခွင့်အရေးရှိသည်။

ကျွန်ုပ်တို့၏ရေကိုသံချေးတက်ခြင်းများထိန်းချုပ်ရန်နှင့်ပိုက်ထဲရှိခဲနှင့်ကြေးနီရေထဲသို့ပျော်ဝင်ခြင်းများလျှော့ချရန်ကျွန်ုပ်တို့ပြုပြင်ပေးသည်။ ကျွန်ုပ်တို့သည်သံချေးတက်ခြင်းထိန်းချုပ်မှုကိုအကောင်းဆုံးဖြစ်စေပြီးသေချာစေရန်၊ ဖော့စဖိတ်အတွက် သန့်စင်စက်ရုံနှင့်ဖြန့်ဖြူးခြင်းစနစ်တွင် ပုံမှန်ရေကိုနမူနာယူသည်။ ကျွန်ုပ်တို့ရေထဲသို့ထည့်လိုက်သောဖော့စဖိတ်သည်နို့ထွက်ပစ္စည်းများ၊ အသားများနှင့်အခွံမာများကဲ့သို့သောကျွန်ုပ်တို့စားသောအစားအစာများတွင်တွေ့နိုင်သောအန္တရာယ်မရှိသောဓာတုပစ္စည်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည်ပြည်နယ်မှသတ်မှတ်ထားသော အတိုင်းအတာအတွင်းဖော့စဖိတ်ကိုဆက်လက်ထိန်းသိမ်းထားရန်လိုအပ်သည်။ အောက်ပါဇယားတွင်ဖော်ပြထားသောရက်အရေအတွက်အတွက် ကျွန်ုပ်တို့သည်သတ်မှတ်ထားသောအတိုင်းအတာအတွင်းဖော့စဖိတ်ကိုမထိန်းသိမ်းနိုင်ခဲ့ပါ။

| စောင့်ကြည့်လေ့လာခြင်းကာလ | တည်နေရာ | လေ့လာသည့်နေ့ရက်များ |
|---|---|---|
| ဇန်နဝါရီ ၁ ရက်မှဇွန်လ ၃၀ ရက်၊ ၂၀၂၀ | ဝင်ရောက်သည့်နေရာ | ၁၅ ရက် |

**ကျွန်ုပ်ဘာလုပ်သင့်သနည်း?**
သင်၏ရေကိုချက်ပြုတ်စရာမလိုပါ။ သို့မဟုတ်အခြားပြုပြင်ပေးသောလုပ်ရပ်များမပြုလုပ်ပါနှင့်။ သို့သော်သင့်တွင်ကျန်းမာရေးဆိုင်ရာ ပြဿနာများ ရှိပါကသင့်ဆရာဝန်နှင့်တိုင်ပင်ပါ။

**ဒါဘာကိုဆိုလိုတာပါလဲ?**
ဤအခြေအနေသည်သင်ချက်ချင်းအရေးယူရန်မလိုအပ်ပါ။ အကယ်၍သာ တခုခုဖြစ်ပါကသင့်ကိုချက်ချင်း အကြောင်းကြားလိမ့်မည်။ ၎င်းသည် ခဲနှင့်ကြေးနီစည်းမျဉ်းများနှင့်သက်ဆိုင်သည့်ချိုးဖောက်မှုကိုပြုပြင်ခြင်းဖြစ်သည်။

City of Battle Creek (Battle Creek) ရေစနစ်အတွက်လတ်တလောစောင့်ကြည့်လေ့လာမှုအရ ခဲနှင့်ကြေးနီအဆင့်များသည်နမူနာယူထားသော လူနေအိမ်သောက်သုံးရေမှာ EPA မှသတ်မှတ်ချက်၏ ၉၀ ရာခိုင်နှုန်းအောက်တွင်ဖော်ပြထားသည်။

ရေထဲတွင်ခဲနှင့်ကြေးနီပါဝင်မှုပမာဏကိုကျွန်ုပ်တို့ထိန်းချုပ်ရန်အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော်ခဲသို့မဟုတ်ကြေးနီကိုသောက်ခြင်းသည် ဆိုးရွားသောကျန်းမာရေးဆိုင်ရာဆိုးကျိုးများဖြစ်စေနိုင်သည်။

150 SOUTH KENDALL STREET BATTLE CREEK MICHIGAN 49037
PHONE (269) 966-3496 WWW.BATTLECREEKMI.GOV

**ခဲ** - ခဲပါဝင်သည့်ရေကိုသောက်သည့်ကလေးငယ်များနှင့်ကလေးများသည်၄င်းတို့၏ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် နှောင့်နှေးကြန့်ကြာမှုများကြုံတွေ့နိုင်သည်။ ကလေးများသည်အာရုံစူးစိုက်မှုနှင့်သင်ယူမှုစွမ်းရည်နည်းပါးမှုများကိုပြသနိုင်သည်။ နှစ်ပေါင်းများစွာ ဤရေကိုသောက်သုံးသောလူကြီးများသည်ကျောက်ကပ်ဆိုင်ရာပြဿနာများသို့မဟုတ်သွေးတိုးရောဂါများဖြစ်လာနိုင်သည်။

**ကြေးနီ**- ကြေးနီသည်မရှိမဖြစ်လိုအပ်သောအာဟာရဓာတ်တစ်ခုဖြစ်သည်။ သို့သော်တိုတောင်းသောအချိန်အတွင်း သတ်မှတ်စံနှုန်းထက်ပိုသော ကြေးနီပါဝင်သောရေကိုသောက်သုံးသူအချို့သည်အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာပြဿနာများကိုခံစားကြရသည်။နှစ်ပေါင်းများစွာ သတ်မှတ်စံနှုန်းထက်ပိုသောကြေးနီပါဝင်သောရေကိုသောက်သုံးသူအချို့သည်အသည်းသို့မဟုတ်ကျောက်ကပ်ပျက်စီးမှုကိုခံစားကြရသည်။ Wilsonရောဂါခံစားနေသူများသည်၄င်းတို့၏ပုဂ္ဂိုလ်ရေးဆရာဝန်နှင့်တိုင်ပင်သင့်သည်။

**ဘာတွေဖြစ်ခဲ့တာလဲ? ဘာတွေလုပ်ဆောင်ခဲ့ပြီလဲ?**

Battle Creekသန့်ရှင်းပြုပြင်ရေးစက်ရုံသည် ပြည်နယ်မှထားသောရေအရည်အသွေးသတ်မှတ်ချက်အဆင့်ကိုထိန်းသိမ်းရန် ပျက်ကွက်ခဲ့သည်။ ပြန်လည်ပြုပြင်မွမ်းမံရေးစီမံချက်အတွင်းသန့်ရှင်းပြုပြင်ရေးစက်ရုံရှိဖော့စဖိတ်ထောက်ပံ့သောပိုက်တစ်ခုသည်ဆောက်လုပ်ရေးသုံးပစ္စည်းများကြောင့်ပျက်စီးခဲ့သည်။ ၄င်းပျက်စီးမှုသည်ရေထဲတွင်ပါဝင်သောဖော့စဖိတ်၏အနိမ့်နှုန်းကိုဖြစ်ပေါ်စေခဲ့သည်။ ပြန်လည်ထူထောင်ရေးစီမံကိန်းကိုစတင်စဉ် ၂ ရက်အတွင်းသန့်ရှင်းပြုပြင်ရေးစက်ရုံ၏ အစိတ်အပိုင်းတစ်ခုပျက်နေသောကြောင့် ပမာဏနည်းသောဖော့စဖိတ်ပါဝင်သောရေကိုအသုံးပြုခဲ့သည်။ သန့်ရှင်းပြုပြင်ရေးစက်ရုံမှပြန်လည်ထူထောင်ရေးစီမံကိန်းပြီးဆုံးသွားခဲ့ပြီး ကျွန်ုပ်တို့သည်မီချီဂန်ပတ်ဝန်းကျင် Great Lakes နှင့်စွမ်းအင်ဌာန (EGLE) တို့နှင့်အတူကျွန်ုပ်တို့၏ပြုပြင်မှုကိုထိန်းညှိနိုင်ရန်သန့်ရှင်းပြုပြင်ရေးစက်ရုံတွင်သတ်မှတ်ထားသည့်အတိုင်းအတာများကိုထိန်းသိမ်းထားသည်။

ဤဖြစ်ရပ်များကိုလေ့လာစုံစမ်းစစ်ဆေးပြီးထိန်းညှိခြင်းများပြုလုပ်ခဲ့ပြီးဖြစ်သည်။ ပုံမှန်လည်ပတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုပြန်လည်မွမ်းမံပြီးပြုပြင်ရေးဝန်ထမ်းများသည်ဤကိစ္စကိုထပ်မံမဖြစ်စေရန်အပြည့်အဝလေ့ကျင့်သင်ကြားထားသည်။

Battle Creek သည်ပုံမှန်အားဖြင့်ဖော့စဖိတ်အတွက်ရေနမူနာကိုတစ်နေ့လျှင်သုံးကြိမ် စက်ရုံပိုက်ခေါင်းမှရယူပြီး Battle Creek ရှိ ၁၀ နေရာမှ သုံးပုံတစ်ပုံ၊ Emmett မြို့နယ်ရှိနေရာသုံးခုနှင့် Springfield မြို့ရှိရေဖြန့်ဖြူးသောနေရာများတွင်သုံးနေရာမှနေ့စဉ်စစ်ယူသည်။ Battle Creek သည် ဒီဇင်ဘာ ၃၁ ရက်၊ ၂၀၂၀ ပြည့်နှစ် စောင့်ကြည့်လေ့လာရေးကာလအဆုံးတွင်ပြည်နယ်စံချိန်စံညွှန်းများနှင့်အညီအောင်မြင်စွာ ရောက်ရှိနိုင်ရန်အတွက် ရေအရည်အသွေးသတ်မှတ်ချက်များကို ပြည်နယ်မှသတ်မှတ်ထားသောအတိုင်းအတာများအတိုင်းဆက်လက်ထိန်းသိမ်းထားနိုင်ရေးရန် ပြည်နယ်မှရွေးချယ်ထားသောနမူနာအစီအစဉ်ကိုဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ City Utility Administrator Perry Hart (269) 966-3481 သို့ဆက်သွယ်ပါ။

*ကျေးဇူးပြု၍ ဤအချက်အလက်ကိုဤရေကိုသောက်သောအခြားလူများ၊ အထူးသဖြင့်ဤအသိပေးစာကိုတိုက်ရိုက်မရရှိသူများ (ဥပမာ - တိုက်ခန်းများ၊ သူနာပြုများ၊ ကျောင်းများနှင့်စီးပွားရေးလုပ်ငန်းများရှိလူများ) နှင့်မျှဝေပါ။ သင်သည်ဤအသိပေးချက်ကိုအများပြည်သူနေရာတွင်တင်ခြင်း၊ မိတ္တူများအားလက်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေဖြန့်ဝေခြင်းဖြင့်ပြုလုပ်နိုင်သည်။*

ဤအကြောင်းကြားစာကို Battle Creek မှသင့်အားပေးပို့သည်။

ဤကြော်ငြာချက်ကို စပိန်ဘာသာစားနှင့် မြန်မာလို ဖတ်ရန် ကျွန်ုပ်တို့၏ ဝဘ်ဆိုက်
http://battlecreekmi.gov/publicworks သို့လေ့လာပါ။ စာမျက်နှာ၏ ဘယ်ဘက်ရှိ Water & Wastewater ကိုနှိပ်ပါ။